ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နွာထိုးကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

**National Community Driven Development Project**

**(NCDDP)**



ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)


နွားထိုးကြီးမြို့

၂၀၁၇ ခုနှစ်　　　　ခက်လန်းကျေးရွာ၊ခက်လန်းအုပ်စု


L

| မာတိကာ | စာမျက်နှာ |
| --- | --- |
| ၁။မြို့နယ်မြေပုံ | ၁ |
| ၂။ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၂ |
| ၄။ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅။လူထုပူးပေါင်းပါဝင်ဆန်းစစ်ခြင်း | ၅ |
| ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၇ |
| ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ | ၉ |
| ၇။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၃ |
| ၈။ကျေးရွာအချက်အလက်(ပုံစံ-၁) | ၂၄ |
| ၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၇ |
| ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၉ |
| ၁၁။အစည်းဝေးမှတ်တမ်းများ | ၃၁ |
| ၁၂။ကျေးရွာကော်မတီဝင်များစာရင်း | ၃၆ |
| ၁၃။ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၇ |

# ၁။ နွားထိုးကြီး မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



လောင်တီကျူ၂၁.၃၈၅၅၉၀၈၂ လက်တီကျူ - ၉၅.၀၀၈၉၀၆၅၆

### ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|
| ၁ | ခက်လန်း | ခက်လန်းကျေးရွာ |
| ၂ | | မြိုင်သာကျေးရွာ |
| ၃ | | ရွာသစ်ကျေးရွာ |
| ၄ | | မြကန်သာကျေးရွာ |

## ၃။ကျေးရွာသမိုင်းကြောင်း

### ခက်လန်းကျေးရွာသမိုင်းကြောင်း

ခက်လန်းကျေးရွာရှိ သက်ကြီးရွယ်အိုများ ပြောပြချက်အရ ၁၃၂၉ ခုနှစ် မတိုင်မီက ယခုလက်ရှိ ခက်လန်းကျေးရွာ နေရာမှာ ခက်လန်းကျေးရွာ နေရာမှာ ခက်လန်းချုံနွယ်များ ထူထပ်စွာပေါက်နေသော တောကြီးဖြစ်သည်။ ဆိုရှယ်လစ်ခေတ်မှာ ခက်လန်းဆည်ကြီးကို တည်ဆောက်ခြင်းအားဖြင့် ကျေးရွာသည် ဆည်အောက်ရောက်ရှိနေသောကြောင့် ပြောင်းရွှေ့နိုင်းရာ ကျေးရွာတွင်းရှိ လူကြီးများက ဟိုဘတ်ကောင်းသည် သည်ဘတ်ကောင်းသည်ဟု ငြင်းပွားမှုများဖြစ်ပြီး လူအများစု ဆန္ဒအရ ယခုလက်ရှိနေရာကို ပြောင်းရွှေ့လာခဲ့ကြသည်။ ခက်လန်းခြုံနွယ်များကိုရှင်း၍ အစိုးရမှ လမ်းဖောက်ပေးခြင်း ကွင်းစာရေးမှ အရင်ရွာဟောင်းအတိုင်း ကွပ်စိတ်များရိုက်ပေးခဲ့သည်။ ပြောင်းရွှေ့လာစဉ်က အိမ်ခြေ ၁၅ဂ၊ ၁၆ဂ ဂန်းကျင်ခန့်သာရှိပါသည်။ ၈၈အရေးခင်းပြီးမှ ရွာမြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တွင် ကွပ်သစ်များ ထပ်မံတိုးလာခဲ့ပါသည်။ လက်ရှိစာသင်ကျောင်းဂန်းထဲရှိ တောင်ဘက်ထိပ်တွင် အစိုးရမှ စာသင်ကျောင်း ဆောက်ပေးခဲ့ပါသည်။ အစိုးရမှ ဆောက်ပေးသော ဖွံ့ဖြိုးရေးစာသင်ကျောင်းမှာ နှစ်အနည်းငယ်ကြာတော့ သုံးမရအောင်ပျက်စီးသွားပါသဖြင့် ကားလမ်းဘေးဖြစ်သော မြောက်ဘက်ထိပ်သို့ပြောင်းရွှေ့ ဆောက်လုပ်ခဲ့ပါသည်။ ရွာပြောင်းရွှေ့လာပြီး သံဃာတော်များစွာပင့်၍ ဘုန်းတော်ကြီးကျောင်းကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ခက်လန်းဆည်တည်ရာတွင် ဆည်မပြီးတပြီးမှာပဲ ဆည်ဆောက်လုပ်ရေးခေါင်းဆောင်ဦးအောင်ဒင်သည် ဆယ်နယ်နမိတ်တွင်ရှိ ကြာနီကန်တွင် ရေနစ်သေဆုံးခဲ့ပါသည်။ ခက်လန်းကျေးရွာတွင်းရှိ ကျေးရွာသူကျေးရွာသားများသည် ဆည်ကို အမှီပြု၍ အဓိကအသက်မွေးဂမ်းကြောင်းဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးများလုပ်ကိုင်စားသောက်ကြပါသည်။ ခက်လန်ရွာကြီးဟာ ကျောက်ကုန်းလေးရွာ၊ ပန်းတော့ရွာ၊ ခက်လန်းရွာဟူ၍ ရွာငယ်တွေပေါင်ပြီး ခက်လန်းရွာမကြီးရယ်လို့ ယခုတိုင်တည်ရှိနေပါသည်။

## ၄။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း


ခက်လန်းကျေးရွာအတွင်းရှိ အိမ်ထောင်စုအများစုသည်စိုက်ပျိုးရေး ၊မွေးမြူရေးနှင့်ကျဘန်းလုပ်ငန်းများအား အဓိကအားထားအသက်မွေးကြကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏အရှေ့ဘက်၊မြောက်ဘက်အရပ်တွေမှာ လယ်မြေ၊ယာမြေများများစွာရှိပါသည်၊ မိုးရာသီတွင် ကျေးတွင်းလမ်းများသွားလာရေးခက်ခဲပါသည်၊ နွေရာသီအချိန်တွင် ကျေးရွာတွင် ရေရှားပါးပြီး ကျေးရွာအခက်အခဲ ရှိပါသည်။ အခြားသောရာသီများတွင် လယ်၊ယာလုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်ကြရသောကြောင့် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများတွင်စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်လျှင် ကျေးရွာလူထုပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ကိုတွေ့ရှိပါသည်။ကျေးရွာလုပ်ငန်းခွင်များတွင်အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိနေသည်ကိုတွေ့ရှိရပါသည်။ကျေးရွာအတွင်းအိမ်ထောင်စုအိမ်ထောင်စုများတွင်ဆင်းရဲသောအဆင့်နှင့်အလွန်ဆင်းရဲသောအဆင့်အိမ်ထောင်စုပိုမိုများပြားသည်ကိုတွေ့ရှိရပါသည်။လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းတွင်ကျေးရွာသားများပါဝင်ဆောင်ရွက်ရလျှင်ကျေးရွာအတွင်းရှိဆင်းရဲသောအိမ်ထောင်စုများအတွက်ဝင်ငွေအခွင့်အလမ်းတိုးတတ်ရရှိမည်ဖြစ်ပါသည်။ကျေးရွာ၏ဖွံ့ဖြိုးရေးနှင့် အခြားကိစ္စရပ်အတော်များများတွင်အမျိုးသားများကအမျိုးသမီးများထက်ဦးဆောင်မှုတွင်ပိုမိုပါဝင်ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရပြီးအမျိုးသမီးများသည်။မိမိကိုယ်ကိုယုံကြည်စိတ်အားနည်းကာမှီခိုသောအကျင့်များနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါသဖြင့် အမျိုးသမီးများကိုလည်း ကျေးရွာ၏ ဖွံ့ဖြိုးရေးများတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်တတ်သော အလေ့အကျင့်နှင့်လုပ်ကိုင်ခွင့်ပိုမိုရရှိအောင်ကူညီပံ့ပိုးသင့်ပါသည်။ ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ကိုင်ဆောင်ရွက်နေသောအဖွဲ့အစည်းများ့ရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာအဖွဲ့အစည်းများသည်အချို့သောကျေးရွာပြင်ပဖွံ့ဖြိုးရေးအဖွဲ့အစည်းများဖြင့်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပြီးကျေးရွာအတွင်းအဖွဲ့အစည်းအချင်းချင်းမှာလည်းချိတ်ဆက်မှုအားကောင်းသည်ကိုလည်းတွေ့ရှိရပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြယံဇာတ ပြမြေပုံ( Social Map / Resource Map) | 16/11/2017 | တစ်ရွာလုံး | 64 | 84 | 148 | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေအဆောက်အဦ၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိ အခြေအနေနှင့်လယ်မြေ၊စိုက်ခင်း၊ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | 16/11/2017 | တစ်ရွာလုံး | 64 | 84 | 148 | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေ ရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | 16/11/2017 | အမျိုးသမီး | 64 | 84 | 148 | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 16/11/2017 | တစ်ရွာလုံး | 64 | 84 | 148 | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြားချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | 16/11/2017 | အမျိုးသမီး | 64 | 84 | 148 | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူးအခွင့် အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ် ခြင်း ( Wealth Ranking) | 16/11/2017 | ဆင်းရဲသား | 64 | 84 | 148 | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊မြေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစားခဲ့ကြသည်။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



# လူမှုရေး အရင်းမြစ်ပြမြေပုံ

ကျေးရွာ-ခက်လန်း ရက်စွဲ - ၁၆.၁၁.၂၀၁၇

အုပ်စု - ခက်လန်း

## ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-ကျေးရွာမှာအဓိက အသက်မွေးဝမ်းကြောင်းနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး နှင့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်စားသောက် ကြပါသည်။

-လုပ်ကိုင်စားသောက်ရန် လယ် ၊ ယာ မြေတွေရှိပါသည်။

-လွန်ခဲ့သော (၅) နှစ် နှင်စာလျင် လယ် ၊ ယာ မြေတွေလျော့နည်းလာပါသည်။ အမွေခွဲဝေပေးခြင်း သို့မဟုတ် စီးပွားရေး အဆင်မပြေသောကြောင့် ရောင်းစားရခြင်းတိုဖြင့် လယ် ၊ ယာမြေများ လျော့နည်းလာခြင်း ဖြစ်လာပါသည်။

-ကျေးရွာမှာ သီးခြားနေထိုင်သော မိသားစုတွေလို့တော့မရှိပါ။


-ကျေးရွာမှ တခြားနေရာဒေသသို့ ပြောင်းရွှေ့လုပ်ကိုင် နေထိုင်သူများလည်း ရှိပါသည်။

-ယခုမြေပုံမှာ ကျေးရွာမှာ အဆောက်အဦးပိုင်းဆိုင်ရာ ပြည့်စုံမှု မရှိသေးပါ။ ရှိပြီးသား အဆောက်အဦးများမှာလည်း ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသေးသည်။

-ကျေးရွာမှာ ထပ်မံလိုအပ်သော အဆောက်အဦး လုပ်ငန်းတွေက လျပ်စစ်မီးတိုင်တိုးချဲ့ ၊ ကျေးရွာအုပ်စုချင်းဆက်လမ် ၊ ကျေးရွာတွင်းလမ်း ၊ ကျေးလက်ဆေးပေးခန်း ၊ တံတားပြုပြင် ၊ စာသင်ကျောင်းပြုပြင်ခြင်း လုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်ပါသေးသည်။

-စီမံကိန်းပထမနှစ်စက်ဝန်းတွင် စာသင်ကျောင်းဆောင် ပြုပြင်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲပါသည်။

## (ခ)ရာသီခွင်ပြ ပြက္ခဒိန်ဇယား



# ရာသီခွင်ပြ ပြက္ခဒိန် ဇယား

ကျေးရွာ- ခက်လန်း ရက်စွဲ - ၁၆.၁၁.၂၀၁၇

အုပ်စု -ခက်လန်း

## ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-ယခုရေးဆွဲထားသော ပြက္ခဒိန်မှာ အဓိက စိုက်ပျိုးရေး ၊ ရာသီပွဲတော် ၊ ဝင်ငွေ ၊ ရာသီဉတုအခြေအနေ ၊ ကျန်းမာရေး ၊ အစားအစာဖူလုံမှု ၊ သောက်သုံးရေတို့ ပါဝင်ပါသည်။

-ကျေးရွာမှာ အဓိကစိုက်ပျိုးသော သီးနံ့တွေမှာ နှမ်း ၊ ပြောင်း ၊ ပဲစင်းငုံ ၊ မြေပဲ ၊ စပါး စသည်တိုဖြစ်ပါသည်။

-ဝင်ငွေရရှိမှုမှာ မိုးအကုန် ဆောင်ရာသီ တို့တွင် ဝင်ငွေကောင်းပါသည်။ ကဆုန် ၊ နယုန် ၊ တော်သလင်းလ တွေမှာ ရှားပါးပါသည်။

-အမျိုးသား လုပ်အားခ (နေ့စား) = ၅၀၀၀ကျပ်

-အမျိုးသမီး လုပ်အားခ (နေ့စား) =၃၀၀၀ကျပ်

-လုပ်အားခမှာ အမျိုးသားများက များနေပါသည်။ အမျိုးသားများက လုပ်အားပိုပြီး လုပ်နိုင်သောကြောင့် ဖြစ်ပါသည်။

-ဝင်ငွေမရှိသောလတွေမှာ အခြားသိုသွားရောက်လုပ် ကိုင်ရခြင်း ၊ ငွေတိုးချေး ၊ ပစ္စည်းပေါင် သီးနံ့များကို ကြိုရောင်းခြင်းများ ပြုလုပ်ရပါသည်။

-သဘာဝဘေးအန္တရယ် ကျရောက်တာရယ်လို့တော့မရှိပါ။

-ကျေးရွာသောက်သုံးရေမှာ တပေါင်းလ ၊ တန်ခူးလ ၊ ကဆုန်လတွေမှာ အလွန်းရှားပါးပါသည။

-ကျေးရွာမှာ မိုးရာသီမှာအလုပ် ရှုပ်ပါသည်။

-နွေရာသီတွင် စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက် သင့်ပါသည်။

## (ဂ) ဥစ္စာဓနပိုင်ဆိုင်မှုပြဇယား

ကျေးရွာအမည်- ခက်ပင်း

ကျေးရွာအုပ်စု- ခက်ပင်း

ရက်စွဲ- ၁၆.၁၁.၂၀၁၇

ဥစ္စာဓန အဆင့်သတ်မှတ်ချက် ပုံစံပြဇယား

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ချမ်းသာ | တိုက်အိမ်၊ကား၊လယ်ယာ(၂၀) ဧကကျော်၊လှည်း၊နွား၊ဆိုင်ကယ် TV၊အသေးစားလယ်ထွန်စက် | ၁၀ | ၃.၆၄% |
| ၂။ | အလယ်အလတ် | ထရံကာသွပ်မိုး၊လယ်ယာ(၁၀) ဧကကျော်၊လှည်း၊နွား၊ဆိုင်ကယ် TV | ၆၀ | ၂၁.၈၂% |
| ၃။ | ဆင်းရဲ | ထရံကာသွပ်မိုး၊လယ်ယာ(၅)ဧက အောက်၊လှည်း၊နွား၊ဆိုင်ကယ် | ၁၀၀ | ၃၆.၃၆% |
| ၄။ | အလွန်ဆင်းရဲ | မြေယာမဲ့လက်လုပ်လက်စား | ၁၀၅ | ၃၈.၁၈ |
| | | စုစုပေါင်း | ၂၇၅ | ၁၀၀% |

# ဥစ္စာဓန ကြွယ်ဝမှုပြဇယား

ကျေးရွာ- ခက်လန်း　　　　　　　　　　　　　　　　　　　　ရက်စွဲ- ၁၆.၁၁.၂၀၁၇

အုပ်စု-ခက်လန်း

**ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း**

-ကျေးရွာမှာ အိမ်ထောင်စု (၂၇၅) ရှိပါသည်။

-ကျေးရွာရှိအိမ်ထောင်စုမှာ အဆင့်(၁) ၁၀စု ၊ အဆင့်(၂) ၆၀စု ၊ အဆင့်(၃) ၁၀၀စု နှင့် အဆင့်(၄) ၁၀၅စု ရှိပါသည်။

-ကျေးရွာရှိ အိမ်ထောင်စုတွေမှာ  အဆင့်(၃)နှင့် အဆင့်(၄)မှာ များနေပါသည်။

-အဆင့်(၃)နှင့်(၄) များနေရခြင်းမှာ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေခြင်း ၊ အလုပ်အကိုင် အခွင့်အလမ်း နည်းနေခြင်းတို့ကြောင့်ဖြစ်ပါသည်။

-ဆင်းရဲနွမ်းပါးသူတွေကို စီမံကိန်းတွင် ပါဝင်လာအောင် ချန်လက်မထားပဲ နေရာပေးသင့်ပါသည်။

-ကျေးရွာအတွက် အခြေခံအဆောက်အဦးဆောက်ရာတွင် ဆင်းရဲနွမ်းပါးသူများနှင့် တစ်ရွာလုံးအတွက် ကောင်းပါသည်။


-စီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်သော အခြေခံအဆောက်အဦးဆောက်လုပ်ရာတွင် ကျွမ်းကျင်လုပ်သား ၊ နေ့စားလုပ်သားတွေအတွက် ဝင်ငွေအခွင့်အလမ်းများကောင်းပါသည်။

**(ဃ)ပင့်ကူအိမ်သုံးသပ်ချက်ပြဇယား**

ကျေးရွာအမည် – [illegible]　　　　ရက်စွဲ – ၁၆.၁၁.၂၀၁၇

ကျေးရွာအုပ်စု – [illegible]

ပင့်ကူအိမ်သုံးသပ်ချက်



## ပင့်ကူအိမ် သုံးသပ်ချက်

ကျေးရွာ- ခက်လန်း ရက်စွဲ-၁၆.၁၁.၂၀၁၇

အုပ်စု-ခက်လန်း

### ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-ဦးဆောင်နိုင်မှု ၊ လုံခြုံမှု ၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်တွေမှာ အမျိုးသားတွေက အမျိုးသမီးတွေထက် အမှက်များနေပါသည်။

-အိမ်မှုကိစ္စတွေမှာ အမျိုးသမီးတွေက အမှက်များနေပါသည်။

-အမှက်တွေကွာဟနေရသော အကြောင်းအရင်းမှာ အမျိုးသားတွေက သွားလာမှု များသောကြောင့် ၊ အမျိုးသမီးတွေထက် ဗဟုသုတ ပိုများသောကြောင့်ဖြစ်သည်။အမျိုးသမီးတွေက အမျိုးသားတွေရဲ့ လွှမ်းမိုးမှုကြောင့် မိမိကိုယ်ကို ယုံကြည်မှုအားနည်းနေခြင်းဖြစ်သည်။

-အမျိုးသမီးတွေက အမျိုးသားတွေယှဉ်ကြည့်ရင် အဓိကကြုံတွေ့ နေရသော အခက်အခဲပြဿနာတွေက ညပိုင်းတွေမှာ လုံခြုံမှုတွေအားနည်းခြင်း ၊ အိမ်မှုကိစ္စတွေမှာ အချိန်ကုန်နေခြင်းတို့ ကြောင့်ဖြစ်ပါသည်။


-အမျိုးသား ၊ အမျိုးသမီး ကွာဟမှုမရှိပဲ တိုးတက်လာအောင် နေရာပေးလက်တွဲခေါ်ရန် လိုအပ်ပါသည်။

-ကျေးရွာတွင် လိုအပ်တဲ့ စီမံကိန်းလုပ်ဆောင်ရာတွင် အမှန်တစ်ကယ် အခက်အခဲ ကြုံတွေ့ နေရသော လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

-အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ယှဉ်ရင် အဓိကကြုံတွေ့နေရသော အခက်အခဲမှာ အမျိုးသမီးများ ဖြစ်နေသောကြောင့် သွားလာမှု ၊ လုံခြုံမှုတွေမှာ ခက်ခဲနေပါသည်။

-အမျိုးသမီးများတင်ပြသော အခက်အခဲဆွေးနွေး ဆုံးဖြတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါသည်။

## (င) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



# အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံပြဇယား

ကျေးရွာ-ခက်လန်း ရက်စွဲ -၁၆.၁၁.၂၀၁၇

အုပ်စု-ခက်လန်း

## ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-ကျေးရွာတွင် အဖွဲ့အစည်း (၁၀)ဖွဲ့ရှိပါသည်။

-သာရေး ၊ နာရေးတွေကို ပရဟိတအဖွဲ့ တွေကလုပ်ပါသည်။

-အုပ်ချုပ်ရေးမှူးအဖွဲ့မှ ကျေးရွာလုံခြုံရေးကိုလုပ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့ နှင့် တခြားအဖွဲ့များမှာ ချိတ်ဆက်မှု ရှိပါသည်။

-ယခုအဖွဲ့အစည်းများတွင် အမျိုးသား ၊ အမျိုးသမီးပါဝင်မှုမှာ တန်းတူရှိပါသည်။

-ကျေးရွာခေါင်းဆောင်များက ကျေးရွာအဖွဲ့များတွင် အကြံပေးနေရာကပါဝင်ပါသည်။

-ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဖွဲ့ရန်လိုအပ်ပါသည်။


-ကျေးရွာတွင်းရှိအဖွဲ့အစည်းများမှာ ချိတ်ဆက်မှု အားကောင်းပါသည်။

-ကျေးရွာပြင်ပရှိအဖွဲ့အစည်းများမှာ ကျေးရွာနှင့် ချိတ်ဆက်မှု အားကောင်းပါသည်။

-လုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ ချိတ်ဆက်မှု အားကောင်းရန် လိုအပ်ပါသည်။

-ကျေးရွာခေါင်းဆောင်များသည် လူမှုရေးအဖွဲ့ ၊ သက်ကြီးရွယ်အိုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

## (စ) အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား



အချင်းအပြစ် တင်နိုးချုပ်မှု ပြပုံ

ကျေးရွာ- ခက်လင်း
အုပ်စု - စက်လင်း

ရက်စွဲ - ၁၆-၁၁- ၂၀၀၇

ကျား



မ



ကျား / မ



လှည်း၊ ထွာ
ထွန်စက်
ကွန်ပေါင်း
ရေစုတ်စက်
စပါးချွေစက်
(ပဲ၊ ပြောင်း) ချွေစက်
(ဆီစက်၊ ဆန်စက်)
၁၂ ဘီးကား
ကား
ထော်လာဂျီ
ထွန်၊ တုယ်
မြှားစာ စင်းစက်
လယ်
စာသင်ကျောင်း
ဘုန်းကြီးကျောင်း
အိမ်
ရေတွင်း

အပ်ချုပ်စက်
လက်ဝတ်ရတနာ
ဓါး၊ ပုဆိုးချောင်းသုံး ဆွဲညှိ
ယက်ကန်းစင်

ဖုန်း

## ပိုင်ဆိုင်မှုဆန်းစစ်ခြင်း

ကျေးရွာ-ခက်လန်း ရက်စွဲ-၁၆.၁၁.၂၀၁၇

အုပ်စု-ခက်လန်း

### ဆွေးနွေးခြင်း ၊ ဆန်းစစ်ခြင်း

-အမျိုးသမီးများ အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းတွေက အပ်ချုပ်စက် ၊ ယက်ကန်းစင် ၊ လက်ဝတ်ရတနာ စသည်တို့ဖြစ်ကြပါသည်။

-အမျိုးသားများ အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းတွေက လှည်း ၊ ကား ၊ ထွန်စက် ၊ ထော်လာဂျီ ၊ ခွန်ဒေါင်း ၊ စသည်တို့ဖြစ်သည်။

-အမျိုးသား ၊ အမျိုးသမီး အများဆုံးအသုံးပြုသော အဆောက်အဦးလုပ်ငန်းတွေက စာသင်ကျောင်း ၊ ဘုန်းတော်ကြီးကျောင်း ၊ ရေတွင်း ၊ ရေကန် ၊ အိမ် ၊ လမ်း ၊ ဖုန်း ၊ ဆိုင်ကယ် စသည်တို့ဖြစ်ကြပါသည်။

-ယခုအသုံးပြုနေသော အဆောက်အဦး လုပ်ငန်းတွေကို အများဆုံး အမျိုးသားများက ထိန်းချုပ်ထားပါသည်။

-အမျိုးသမီးများအသုံးပြုမှုများကို အမျိုးသားများက ထိန်းချုပ်ရခြင်းမှာ အမျိုးသားများက ဦးဆောင်နေသောကြောင့်ဖြစ်သည်။

-မိသားစုရပ်ရွာအတွင်း အသုံးမှုရော ဆုံးဖြတ်ရာတွင်ပါ အမျိုးသား ၊ အမျိုးသမီး အတူတူလုပ်သင့်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ









## ၈။ ကျေးရွာအချက်အလက်( ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရိုး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးကျော်မျိုးမြင့် | 09-791384108 | ဦးဇော်အောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် [illegible] | ကျေးရွာအုပ်စု ခက်ယင်း | ကျေးရွာ ခက်ယင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) -ဗမာ---- | 275 | ဘာသာ (၁) -ဗုဒ္ဓ------ | 275 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 80 | | |
| စစ်ဘေးရှောင် | 0 | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ--- | 998 | 1028 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 225 | 50 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ် ခြစ်ပါ | ကျန်းမာရေး | အမှတ် ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ် ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ✓ |
| အလယ်တန်းကျောင်း | ✓ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ✓ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ✓ |
| အလယ်တန်းပြဆရာ/မ | ✓ | ✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ✓ | ✓ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ | ✓ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း ✓ |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း ✓ | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂.5 --/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် 20 min ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 1:30 min ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မရှိ---------------------------

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးကျော်ညွန့်ခိုင်

လက်မှတ် [signature] နေ့စွဲ ၉. 10. 2017

လူထုစည်းရုံးရေးမှူး — အမည် ဦးရဲဇေအာင်

လက်မှတ် [signature] နေ့စွဲ ၉. 10. 2017

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးရဲအောင် | | | |
| နေ့စွဲ ၂၁.၂.၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် နွားထိုးကြီး | ကျေးရွာအုပ်စု ခက်လန် | ကျေးရွာ ခက်လန် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၆.၁၁.၁၇ | ၁၆.၁၁.၁၇ | ၆၄ | ၈၄ | ၁၄၈ | ၁၄၈ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၆.၁၁.၁၇ | ၁၆.၁၁.၁၇ | ၆၄ | ၈၄ | ၁၄၈ | ၁၄၈ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၁၆ | ၁၀ | ၂၆ | ၂၆ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၁.၁၂.၁၇ | ၁၁.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဂျဲဇောဂျင် | | | |
| နေ့စွဲ 16 . 11 . 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁)<br>☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် နွားထိုးကြီး | ကျေးရွာအုပ်စု ခက်လန် | ကျေးရွာ ခက်လန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျောင်းသား နှင့် ကျောင်းဆောင် မလုံလောက် | ၁ | သောက်သုံးရေ ရှားပါးခြင်း |
| ၂ | စာသင်ကျောင်း လုံခြုံမှု မရှိခြင်း | ၂ | စာသင်ကျောင်း လုံခြုံမှု မရှိခြင်း |
| ၃ | ရွာတွင်းလမ်း မိုးကာလ သွားလာရေး ခက်ခဲ | ၃ | ရွာတွင်းလမ်း မိုးကာလ သွားလာရေး ခက်ခဲ |
| ၄ | အမျိုးသမီးများ ည အခါ သွားလာရေး ခက်ခဲ | ၄ | အမျိုးသမီးများ ည အခါ သွားလာရေး ခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောင်းဆောင် လုံလောက်စွာ သင်ကြားနိုင်ရေး | ၁ | ရေကိုင်ကျောက် ရေရရှိစေရန် |
| ၂ | စာသင်ကျောင်း လုံခြုံမှု ရှိစေရန် | ၂ | စာသင်ကျောင်း လုံခြုံမှု ရှိစေရန် |
| ၃ | ရွာတွင်းလမ်း မိုးကာလ သွားလာရေး လွယ်ကူ | ၃ | ရွာတွင်းလမ်း မိုးကာလ သွားလာရေး လွယ်ကူစေရန် |
| ၄ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရေး နှင့် ညဘက် လုံခြုံစွာ သွားလာ | ၄ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရေး နှင့် ညဘက် လုံခြုံစွာ သွားလာနိုင်စေရန် |
| ၅ | | ၅ | |

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေပေးဝေရေး (ရေတင် ရေပိုက် ရေကန် ရေစက်) | မ | ၃၅၀၀၀၀၀၀ | ၂၀၁၈ |
| ၂ | ICC ကျောင်းဆောင် | ကျား | ၂၂၀၀၀၀၀၀ | ၂၀၂၈ |
| ၃ | ရွာတွင်းလမ်း ပြုပြင်ခြင်း (ဂျုံကြိုလမ်း) | ကျား/မ | ၂၀၀၀၀၀၀၀ | ၂၀၂၈ |
| ၄ | လျှပ်စစ်မီး ကိုးချဲ့ သွယ်တန်းခြင်း | ကျား/မ | ၁၉၅၀၀၀၀၀ | ၂၀၂၈ |
| ၅ | စာသင်ကျောင်း ခြံစည်းရိုး ပြုပြင်ခြင်း | ကျား/မ | ၁၆၀၀၀၀၀၀ | ၂၀၂၈ |

**ဃ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | [illegible] | ၆ | |
| ၂ | [illegible] | ကျား ၁၆ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် ---------- နေ့စွဲ 16. 11. 2017

မန္တလေးတိုင်းဒေသကြီးနွားထိုးကြီးမြို့နယ်

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်း

# အစည်းဝေးမှတ်တမ်း

ကျေးရွာအုပ်စု - ခက်ယန်း

ကျေးရွာအမည် - ခက်ယန်းကျေးရွာ

အစည်းအဝေးအမည် - ပထမအကြိမ် အစည်းအဝေး

အစည်းဝေးကျင်းပသည့်နေရာ - ခက်ယန်းကျေးရွာ

တက်ရောက်သည့်လူဦးရေ - ကျား - ၆၄ ၊ မ - ၈၄

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၁၆.၁၁.၂၀၁၇

အစည်းအဝေးစတင်ချိန် - ၉:၀၀ (AM)

အကြောင်းအရာ။

(ဆွေးနွေးချက်များ)

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း အတွက် စီမံကိန်းမိတ်ဆက် အစည်းအဝေးနှင့် ကျေးရွာစေတနာ့ဝန်ထမ်း များ ပြန်လည် အတည်ပြု ခန့်ထားခြင်း

ဆွေးနွေးချက် (၁)

ကျေးရွာအုပ်ချုပ်ရေးမှူး ဦး ကျော်မျိုးဦး အဖွင့်အမှာစကား ပြောကြားခြင်း၊ အဖွင့်အမှာစကားအနေဖြင့် ယခုလုပ်တဲ့ လူထုဗဟိုပြုစီမံကိန်း အစည်းအဝေးဟာ ပထမနှစ်စက်ဝန်းကလည်း လုပ်ထားတောကြောင့် ကျေးရွာလူထုအနေနဲ့ သိသင့်သလောက်ပဲ သိထားပြီးသားဖြစ်မှာပါ၊ ထို့ကြောင့် ကျေးရွာလူထုအနေနဲ့ ဒုတိယနှစ်စက်ဝန်းမှာ ပထမနှစ်စက်ဝန်းကထက် ပိုပြီး ပူးပေါင်းပါဝင်ပေးဖို့ ပြောကြားအပ်ပါသည်။ အစည်းအဝေးများခေါ်တဲ့အခါမှာလည်း အချိန်မှန် တက်ရောက်ပေးပါ၊ အစည်းအဝေးမှ ဆွေးနွေးသည့်အခါ တက်တက်ကြွကြွနဲ့ ပူးပေါင်းပါဝင်ဆွေးနွေးကြပါ၊ စီမံကိန်းကတော့ အစီအစဉ်အတိုင်းပဲ သွားနေတာဖြစ်တဲ့အတွက် အစည်းအဝေးတွေကတော့ ရှိနေမှာပဲဖြစ်ပါတယ် ကိုယ့်ရပ်ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးရွာသူကျေးရွာသားတိုင်းမှာ တာဝန်ရှိတာဖြစ်သည့်အတွက် အစည်းအဝေး ပြီးဆုံး သည်အထိ ရှိပေးရန် ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက် (၂)

ပုဂ္ဂလစည်းရုံးရေးမှူး ဦးကျော်ဇောင်မှ စီမံကိန်း မိတ်ဆက် (၁၅)ချက်မှ ထပ်မံ စက်ဝန်းတွင်းက ပြောကြားထားသော အကြောင်းအရာများမှ ကျေးရွာလူထုအား ပြန်လည်မေးမြန်းခြင်း၊ ထို့နောက် စီမံကိန်း မိတ်ဆက် (၁၅)ချက်အား (၁)ချက်ခြင်းစီမှ ပါဝင်သော အကြောင်းအရာများကို ပြန်လည်ရှင်းလင်းပြောကြားပြီး ရန်ပုံငွေရရှိသည့် ပုံစံများကိုရှင်းပြ၊ လုပ်ငန်းခွဲပေါ်မှာ မူတည်ပြီး ရန်ပုံငွေ ရပြီးခြင်း လူထုဖယ်ပို့ပြ၊ စီမံကိန်းတာ ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ကျေးရွာလူထုအား စီမံကိန်းမှ အခြေခံအဆောက်အဦးများကိုဆောင်ရွက်ပေးခြင်း မဟုတ်ပဲ ကျေးရွာလူထုနှင့် ကော်မတီဝင်များ အားလုံးကို စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။ ကျေးရွာလူထုကို အခြေခံပြီး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးတာဖြစ်သောကြောင့် ကျေးရွာလူထုမှ ကော်မတီဝင်များသည် ကိုယ်တိုင်အစီအစဉ်တွေ ရေးဆွဲပြီး မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းမိတ်ဆက်(၁၅) ချက်အနှစ်ချုပ်ကို ပြန်လည်ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက် (၃)

လက်ထောက်နည်းပညာမှူး ဒေါ်ကေခိုင်စွယ်မှ စီမံကိန်းပါ အပိုင်း (၆)ပိုင်း အဆင့် (၁၄) ဆင့်ကို ရှင်းလင်းပြောကြားရာတွင် အပိုင်း(၁)နှင့်ခြင်းစီတွင် ပါဝင်သော အဆင့်များကို ရှင်းပြ၊ ကျေးရွာလူထုအား ဘယ်အဆင့်ရောက်ကြောင်း၊ အပိုင်း(၁)ထဲ ရောက်မှာ တောင်အကောင်အထည် ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း မေးမြန်းရာ ကျေးရွာလူထုမှ ပြန်လည် ပြောကြားသည်၊ ထို့နောက် တာဝန်ဝတ္တရား များ အကြောင်းရှင်းလင်း ပြောကြားရာတွင် ကျေးရွာခေါင်းဆောင်များ၏ တာဝန်ဝတ္တရားများ၊ ကော်မတီဝင် တစ်ဦးခြင်းစီ၏တာဝန်ဝတ္တရားများ အကြောင်းကို ရှင်းလင်းပြောကြားပြီး၊ စေတနာ့ဝန်ထမ်း (၂)ဦးကို ပြန်လည် အတည်ပြု၊ ရွေးချယ်ရန် မဲပေးဆောင်ရွက်ရန် ပြောကြားသည်။

ဆုံးဖြတ်ချက်များ

အစည်းအဝေးတက်ရောက်လာသူအားလုံးမှ မဲအများဆုံးရသူ ကျား(၁) ၊မ (၁) ဦးအား စေတနာ့ဝန်ထမ်းအဖြစ်အတည်ပြု ဆုံးဖြတ်ပြီး၊ အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| [signature] | Khing [signature] |
| စေတနာ့ဝန်ထမ်း | စီ/ထောက် ဥက္ကဋ္ဌ |
| ဦးကျော်ဇော် | ဒေါ်တင်ရှိုးမိုး |

မန္တလေးတိုင်းဒေသကြီးနွားထိုးကြီးမြို့နယ်

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်း

# အစည်းအဝေးမှတ်တမ်း

ကျေးရွာအုပ်စု - ခက်ယန်း

ကျေးရွာအမည် - ခက်ယန်း

အစည်းအဝေးအမည် - ဒုတိယအကြိမ်အစည်းအဝေး

အစည်းဝေးကျင်းပသည့်နေရာ - ခက်ယန်းကျေးရွာ

တက်ရောက်သည့်လူဦးရေ - ကျား - ၆၄ ၊ မ - ၈၄

အစည်းအဝေးကျင်းပသည့်ရက်စွဲ - ၁၆ . ၁၁ . ၂၀၁၇

အစည်းအဝေးစတင်ချိန် - ၁ : ၀၀ (PM)

အကြောင်းအရာ။

(ဆွေးနွေးချက်များ)

လူထုဗဟိုပြု စီမံကိန်း ဒုတိယသုံးနှစ်စက်ဝန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ခြင်း၊ အစည်းအဝေးနှင့် ကျေးရွာကော်မတီဝင်များ ပြန်လည်အတည်ပြု ရွေးချယ်ခြင်း ဒုတိယအကြိမ်အစည်းအဝေး။

ဆွေးနွေးချက် (၁)

လူထုစည်းရုံးရေးမှူး ဦးရဲအောင်မှ ပထမနှစ် စက်ဝန်းမှ ရေးဆွဲထားသော PRA များကို ပြန်လည်ချပြပြီး တိုးတက်ပြောင်းလဲလာသော အကြောင်းအရာများကို ကျေးရွာလူထု နှင့် ပြန်လည်ဆွေးနွေး သက်မှတ်ခြင်း၊ မြေပုံမှာ တိုးလာသော အရာများကို ရှင်းပြပြီး ၊ PRA တစ်ခုခြင်းစီရှိ အဆင့်ဆင့် ပြောင်းလဲလာသော အကြောင်း အရာများကို ပြန်လည် ရှင်းလင်းပြောကြားပြီးနောက် ကော်မတီများကို ပြန်လည် အတည်ပြု ရွေးချယ်ခြင်းများကို ကျေးရွာ လူထု သဘောနှင့် ပြုလုပ်ခဲ့ပါသည်။ ပထမနှစ်စက်ဝန်းတွင် ပါဝင်လုပ်ဆောင်ခဲ့သော ကော်မတီဝင်များကို ပြန်လည်ရွေး ရာ ပြောင်းပေးခြင်း၊ သင့်မရှိသော ကော်မတီဝင်များကိုနှင့် ထွက်သော ကော် မတီဝင်များအား အစားထိုးပြန်လည် ခန့်ထားခြင်း၊ ကော်မတီဝင်များကို အမျိုးသား

ဆွေးနွေးချက် (၂)

လူထုစည်းရုံးရေးမှူး ဦးရဲအောင်မှ စီမံကိန်း မိတ်ဆက် (၁၅)ချက်မှ ထပ်မံ စက်ဝန်းတွင်းက ပြောကြားထားသော အကြောင်းအရာများမှ ကျေးရွာလူထုအား ပြန်လည်မေးမြန်းခြင်း၊ ထို့နောက် စီမံကိန်း မိတ်ဆက် (၁၅)ချက်အား ၁ချက်ခြင်းစီမှ ပါဝင်သော အကြောင်းအရာများကို ပြန်လည်ရှင်းလင်းပြောကြားပြီး ရန်ပုံငွေရရှိသည့် ပုံစံများကိုရှင်းပြ၊ လုပ်ငန်းခွဲပေါ်မှာ မူတည်ပြီး ရန်ပုံငွေ ရပြီးခြင်း လူထုပေးပို့ပြ၊ စီမံကိန်းတာ ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ကျေးရွာလူထုအား စီမံကိန်းမှ အခြေခံအဆောက်အအုံများကိုဆောင်ရွက်ပေးခြင်း မဟုတ်ပဲ ကျေးရွာလူထုနှင့် ကော်မတီဝင်များ အားလုံးကို စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ကျေးရွာလူထုကို အခြေခံပြီး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးတာဖြစ်သောကြောင့် ကျေးရွာလူထုမှ ကော်မတီဝင်များသည် ကိုယ်တိုင်အစီအစဉ်တွေ ရေးဆွဲပြီး မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းမိတ်ဆက်(၁၅) ချက်အနှစ်ချုပ်ကို ပြန်လည်ပြော ကြားခဲ့ပါသည်။

ဆွေးနွေးချက် (၃)

တက်ရောက်နည်းပညာမှူး ဒေါ်ကေသီနွယ်မှ စီမံကိန်းပါ အပိုင်း(၆)ပိုင်း အခန်း (၁၄) ခန်းကို ရှင်းလင်းပြောကြားရာတွင် အပိုင်း(၁)ခုခြင်းစီတွင် ပါဝင်သော အခန်းများကို ရှင်းပြ၊ ကျေးရွာလူထုအား ဘယ်အခန်းရောက်ကြောင်း၊ အပိုင်း(ဘယ်) ထောက်မှာ တင်အကောင်အထည် ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း မေးမြန်းရာ ကျေးရွာလူထုမှ ပြန်လည် ပြောကြားသည်၊ ထို့နောက် တာဝန်ဝတ္တရား များ အကြောင်းရှင်းလင်းပြောကြားရာတွင် ၊ကျေးရွာခေါင်းဆောင်များ၏ တာဝန်ဝတ္တရားများ ၊ကော်မတီဝင် တစ်ဦးခြင်းစီ၏ တာဝန်ဝတ္တရားများ အကြောင်းကို ရှင်းလင်းပြောကြားပြီး၊ စေတနာ့ဝန်ထမ်း (၂) ဦးကို ပြန်လည် အတည်ပြု၊ ရွေးချယ်ရန် မဲပေးဆောင်ရွက်ရန်ပြောကြားသည်။

ဆုံးဖြတ်ချက်များ

အစည်းအဝေးတက်ရောက်လာသူအားလုံးမှ မဲအများဆုံးရသူ ကျား(၁) ၊မ (၁) ဦးအား စေတနာ့ဝန်ထမ်းအဖြစ်အတည်ပြု ဆုံးဖြတ်ပြီး အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံး ခဲ့သည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| စေတနာ့ဝန်ထမ်း | စီ/ထောက် ဥက္ကဋ္ဌ |
| ဦးရဲအောင် | ဒေါ်တင်ရီဦး |

မြိုင်သာကျေးရွာကော်မတီဝင်များစာရင်း

| စေတနာ့ဝန်ထမ်း အမည်၊ | ကျား/မ | အသက် | လူမျိုးစု | ကော်မတီ / ရာထူး /Chairperson | လိပ်စာ | ဖုန်း |
|---|---|---|---|---|---|---|
| ဦးရဲဇော် | Female | 41 | ဗမာ | ကျေးရွာစေတနာ့ ဂန်ထမ်း | ခက်လန်း ကျေးရွာ | 9770671839 |
| ဒေါ်ခင်မာလာ | Female | 59 | ဗမာ | ကျေးရွာစေတနာ့ ဂန်ထမ်း | ခက်လန်း ကျေးရွာ | 933136115 |
| ဦးကျော်ဆန်းလင်း | Male | 25 | ဗမာ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ (Yes) | ခက်လန်း ကျေးရွာ | 9762924249 |
| ဒေါ်တင်မိုးခိုင် | Female | 41 | ဗမာ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ (Yes) | ခက်လန်း ကျေ့ရွာ | 9402682490 |
| ဦးရန်နိုင်စိုး | Male | 42 | ဗမာ | ဝယ်ယူရေး ဆပ်ကော်မတီ | ခက်လန်း ကျေးရွာ | 9776761866 |
| ဒေါ်အေးစိုးခိုင် | Female | 23 | ဗမာ | ဝယ်ယူရေး ဆပ်ကော်မတီ | ခက်ခန်း ကျေးရွာ | 9760696224 |
| ဒေါ်တင်မိုးခိုင် | Female | 28 | ဗမာ | ဝယ်ယူရေး ဆပ်ကော်မတီ (Yes) | ခက်လန်း ကျေးရွာ | 9768994542 |
| ဦးသိန်းထွန်း | Male | 67 | ဗမာ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ (Yes) | ခက်လန်း ကျေးရွာ | 9791358853 |
| ဒေါ်ခင်ဆွေဝင်း | Female | 22 | ဗမာ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ | ခက်ခန်း ကျေးရွာ | 9966950265 |
| ဒေါ်ဖြူသီ | Female | 35 | ဗမာ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ (Yes) | ခက်လန်း ကျေးရွာ | 9444660213 |
| ဦးမြင့်ကို | Male | 54 | ဗမာ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခက်လန်း ကျေးရွာ | 9402682492 |
| ဒေါ်ဝင်း | Female | 51 | ဗမာ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခက်လန်း ကျေးရွာ | 9772606919 |
| ဦးစိုးလင်းအောင် | Male | 32 | ဗမာ | ကျေးရွာ ဘဏ္ဍာရေး စာရေး | ခက်လန်း ကျေးရွာ | 933136117 |
| ဒေါ်ဝေဇင်ဖြိုး | Female | 24 | ဗမာ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ခက်လန်း ကျေးရွာ | 9785058645 |
| ဦးစိန်ထွန်း | Male | 67 | ဗမာ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ခက်လန်း ကျေးရွာ | 9772329314 |
| ဦးကျော်ညွန့် | Male | 56 | ဗမာ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း ဆပ်ကော်မတီ | ခက်လန်း ကျေးရွာ | 9402682940 |

# ၁၃။ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းစဉ်များ

[illegible]

ကျေးရွာ - ဆက်ယိုး

[illegible]

| | အမှတ် | လုပ်ငန်း | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|
| [illegible] | ၁ | ရွာတွင်းလမ်းပြုပြင် | မ / များ | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | | မ / များ | | |
| | ၃ | | မ / များ | | |
| | ၄ | | မ / များ | | |
| | ၅ | | မ / များ | | |
| [illegible] | ၁ | စက်ရေတွင်းရေစင် ရေပိုက် | မ / များ | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | | မ / များ | | |
| | ၃ | | မ / များ | | |
| | ၄ | | မ / များ | | |
| | ၅ | | မ / များ | | |
| ကျန်းမာရေး | ၁ | ကျေးရွာဆေးပေးခန်း | မ / များ | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | [illegible] | မ / များ | ကျေးရွာလူထု | မရှိသေးပါ |
| | ၃ | | မ / များ | | |
| | ၄ | | မ / များ | | |
| | ၅ | | မ / များ | | |
| ပညာရေး | ၁ | စာသင်ကျောင်း ဆောင်သစ်ဆောက် | မ / များ | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | စာသင်ကျောင်း အုတ်တံတိုင်း | မ / များ | ကျေးရွာလူထု | မရှိသေးပါ |
| | ၃ | စာသင်ကျောင်း ဆောင်ပြုပြင် | မ / များ | CDD ကော်မတီဝင်များ၊ ကျေးရွာလူထု | မရှိသေးပါ |

| | | | | | |
|---|---|---|---|---|---|
| | ၄ | ဆရာ၊ဆရာမများ ချထားပေးရန် | ☑ မ<br>☐ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | မီးတိုင် မီးကြိုး တိုးချဲ့သွယ်တန်း | ☑ မ<br>☑ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၂ | အထည်ချုပ်စက်ရုံ | ☑ မ<br>☐ ကျား | ကျေးရွာလူထု | မရှိသေးပါ |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

၁၄။ VDP အရည်အသွေး ထိန်းချုပ်မှု

ထိန်းချုပ်သူ ရက်စွဲ- ရွာ- VDP ရက်စွဲ

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့

- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ရှိ
    - မရှိ
- စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –